ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်ရေးသတင်း

## အကျဉ်းချုပ်

**3.5.2023**

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

| ရန်သူတပ်သားသေဆုံး | ရန်သူတပ်သားဒဏ်ရာရ |
|---|---|
| (၇) ဦး | (၁၂) ဦး |

## အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

### မွန်ပြည်နယ်

မေလ(၂)ရက်နေ့မနက်(၉:၂၈)နာရီနှင့်မနက်(၁၀)နာရီချိန်တို့တွင် ဘီးလင်းမြို့နယ်၊ ဘီးလင်းမြို့ ဒေါက်ရပ်ရွာ စာသင်ကျောင်းအနီး ကင်းပုန်းဝပ်နေသော ရန်သူ့တပ်သားများကို KNLA၊ PDF တပ်ရင်း၂ တပ်ခွဲ ၂ နှင့် ဘီးလင်း ပကဖ၊ ဒရုန်းတပ်ဖွဲ့တို့က စုစုပေါင်း(၆၀မမ) (၆) လုံး ဖြင့် နှစ်ကြိမ် ပူးပေါင်းတိုက်ခိုက်ခဲ့ရာ တပ်သားများအားလုံး ထိခိုက်မှုမရှိ ဆုတ်ခွာနိုင်ခဲ့ပြီး ရန်သူ့တပ်သား(၄) ဦး သေဆုံးပြီး (၅) ဦး ဒဏ်ရာရကြောင်း ဒေသခံမှတဆင့် သိရသည်။

### မန္တလေးတိုင်း

မေလ(၂)ရက်နေ့ည(၇)နာရီခန့်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၆၂)လမ်းနှင့် (၁၁၅)လမ်းရှိ အထွေထွေအုပ်ချုပ်ရေးမှူး ရုံးထဲရှိ ဂိတ်အစောင့် ရန်သူ့တပ်သားများကို မြနန္ဒာစစ်ဆင်ရေး(မန္တလေး)အဖွဲ့က အနီးကပ် ဝင်ရောက်ပစ်ခတ်ခဲ့ပြီး ဗုံး(၂)လုံးဖြင့်ပါ တိုက်ခိုက်ခဲ့သောကြောင့် ရန်သူ့တပ်သား (၅)ဦးထက် မနည်းထိခိုက် ဒဏ်ရာရရှိခဲ့ပြီး ရန်သူ့တပ်သား များက ပြန်လည်ပစ်ခတ်ခဲ့သောကြောင့် မိမိတို့ဘက်မှ ရဲဘော် (၁)ဦး မစိုးရိမ်ရ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အဆိုပါရုံးထဲသို့ လူနာတင်ကား (၃)စီး ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်း

မေလ(၂)ရက်နေ့ည(၇:၁၂)နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်းနှင့်လေတပ် ဂေါက်ကွင်းလမ်းဆုံ အနီးရှိ ရန်သူ့တပ်၏ လေတပ်အရာရှိရိပ်သာကို KMD 18 - Hunter Unit က အဝေးထိန်းမိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၂)ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ့ကာကွယ်ရေး ပြောက်ကျားတပ်ဖွဲ့ဝင်များ ထိခိုက်မှု မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

## ပဲခူးတိုင်း

မေလ(၂)ရက်နေ့နေ့လည်(၃:၄၀)နာရီခန့်တွင် အုတ်ဖိုမြို့နယ်အရှေ့ဘက်၊ ပဲခူးရိုးမထဲမှ ဂမုန်းဆည်အနီးရှိ ဝိုင်းကျေးရွာအုပ်စု၊ တာဝါတိုင်ကျေးရွာရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော်(သာယာဝတီခရိုင်) PDF တပ်ရင်း (၃၈၀၂)၊ တပ်ခွဲ(၄) မြေအောက် ပြောက်ကျားတပ်ဖွဲ့(အုတ်ဖို)၏ စခန်းကုန်းပေါ်သို့ ချောင်းစောက်ရွာဟောင်းနှင့် ကိုင်းချုံကြီးရွာ ဘက်မှ စစ်ကြောင်း(၂)ကြောင်းခွဲပြီး "ပဇောက်"ပုံ ဖြန့်ကျက်တက် လာသည့် အင်အား(၈၀)ခန့်ပါ ရန်သူ့တပ်ကို စောင့်ကြို တိုက်ခိုက်ခဲ့သည်။ ကိုင်းချုံကြီးရွာဘက်မှ တက်လာသည့် ရန်သူ့စစ်ကြောင်းက ကြိုတင်ထောင်ထားသည့် ပဒေသာမိုင်း (၇)လုံးတွဲပါ မိုင်းကွင်းအတွင်းသို့ ဝင်လာစဉ် ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများက ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဖရိုဖရဲဖြစ်နေသည့် ရန်သူ့တပ်သားများကို လက်နက်ကြီး (၅)လုံးဖြင့် ပစ်ခတ်ခဲ့ပြီး ရန်သူ့စစ်ကြောင်းပေါ်သို့ (၁)လုံး ကျရောက်ပေါက်ကွဲခဲ့၍ ရန်သူ့တပ်သား(၃)ဦးသေဆုံးကာ ထိခိုက် ဒဏ်ရာရရှိသူ များစွာဖြင့် နောက်ပြန်ဆုတ်သွားခဲ့သည်။ထို့နောက် ချောင်းစောက်ရွာဟောင်းမှ တက်လာသည့် ရန်သူ့စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များက လက်နက်ကြီး၊လက်နက်ငယ်များဖြင့် အပေါ်စီးမှ စောင့်ကြိုတိုက်ခိုက် ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား၍ ရန်သူ့စစ်ကြောင်း ထိခိုက်မှုများပြားသောကြောင့် ဖရိုဖရဲဖြစ်နေစဉ် ဝိုင်းရွာရဲစခန်းမှ လက်နက်ကြီးများပစ်ခတ်ခဲ့ကာ စစ်ကူ (၁၅)ယောက်မှ ဒဏ်ရာရရှိသူများကို လာရောက်သယ်ထုတ်၍ တပ်ဆုတ်သွားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများ

## ချင်းပြည်နယ်

မေလ(၂)ရက်နေ့နံနက်ပိုင်းတွင် ဟားခါးမြို့နယ်၊ ချွန်ကျုံးရွာကို ရန်သူ့တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် Gospel ဘုရားကျောင်းအပါအဝင် လူနေအိမ် (၁၅)လုံး ခန့် မီးလောင်ကျွမ်းခဲ့ပြီး လူနေအိမ်များကို ရန်သူ့တပ်ဖွဲ့ဝင်များက ဆက်လက်ဖျက်ဆီးနေခဲ့ကြောင်း သိရသည်။

## မကွေးတိုင်း

- မေလ(၃)ရက်နေ့တွင် သရက်မြို့နယ်နှင့်မင်းတုန်းမြို့နယ် မဲအိုတောင်ကြောသို့ စစ်ကြောင်းထိုးနေသော ရန်သူ့တပ်ဖွဲ့ဝင်များအနက် သရက်မြို့နယ်ဘက်ခြမ်းမှ စစ်ကြောင်းပြန်လည် ထွက်ခွာခဲ့စဉ် ဆတ်လယ်ရွာ ဒေသခံ ပြည်သူ (၃) ဦးကိုဖမ်းဆီးခဲ့ပြီး သရက် ကပစ (၁၂) သို့ ခေါ်ဆောင်သွားခဲ့သည်။ မင်းတုန်း မြို့နယ် ဘက်ခြမ်းမှ စစ်ကြောင်းကလည်း ပြန်လည်ထွက်ခွာခဲ့စဉ် လက်ပွကျေးရွာမှ အမျိုးသမီး (၆) ဦးကို သရက် ကပစ ၁၂ သို့ ထပ်မံဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။
- မေလ(၂)ရက်နေ့မနက်(၈)နာရီခန့်တွင် နတ်မောက်မြို့နယ်၊ကျောက်အိုးကျေးရွာသို့ ပပန (ရွာမွန်) နှင့် မကွေး တပ်မ(၈၈)မှ ရန်သူ့တပ်ဖွဲ့ဝင် ပူးပေါင်းအင်အား (၄၀) ခန့် ဝင်ရောက်လာပြီး၊ ဒေသခံပြည်သူ အချို့ကို ဖမ်းဆီး ကာ ရိုက်နှက်အကြမ်းဖက်ခြင်းပြုလုပ်ခဲ့သည်။ထို့နောက် ဒေသခံပြည်သူ (၃၀) ခန့်ကို အကြမ်းဖက် ဖမ်းဆီး သွားခဲ့သည်။